# မိဘများနှင့် စောင့်ရှောက်သူများအတွက် အိမ်ပြန်ခေါ်ရခြင်း အကြောင်းသိကောင်းစရာ

Government of South Australia
Department for Education

Burmese / မြန်မာ

အိမ်ပြန်ခေါ်ရခြင်းကို ကျောင်းများအနေဖြင့် "အပြုအမူ အရေးပေါ်ကိစ္စများ" ကို တုံ့ပြန်ရန် အသုံးချကြသည်။

"အပြုအမူ အရေးပေါ်ကိစ္စ" ဆိုသည်မှာ-

- ကျောင်းသား၏ အပြုအမူသည် ၎င်းကိုယ်တိုင်အပေါ် သို့မဟုတ် အခြားသူများအပေါ် ထိခိုက်နစ်နာမှု အန္တရာယ် ကျရောက်သည့်အခါ
- ကျောင်းသားအား ကျောင်း၌ လုံခြုံစွာ ပံ့ပိုးပေး၍ မရနိုင်သည့်အခါ ကိုဆိုလိုသည်။

သင့်ကလေးအနေဖြင့် အဆိုပါ ကျောင်းတက်ရက် တစ်နေ့လုံး သင်နှင့်အတူနေရန် သို့မဟုတ် သူ၏စောင့်ရှောက်သူနှင့်အတူနေရန်အတွက် အိမ်ပြန်ရန် လိုအပ်မှုကို ကျောင်းအုပ်ဆရာကြီးက ဆုံးဖြတ်နိုင်သည်။

## အကယ်၍ သင့်ကလေးအား အိမ်ပြန်ခေါ်ရလျှင် ဘာလုပ်ရမည်နည်း။

ကျောင်းသည် သင့်ကလေး အဘယ်ကြောင့် အိမ်ပြန်ရမည့်အကြောင်း ရှင်းပြရန်နှင့် ဖြစ်ပျက်ခဲ့သည့် အကြောင်းကို ပြောပြရန် သင့်အား ဆက်သွယ်ပါမည်။

အကယ်၍ သင့်အား ဆက်သွယ်၍ မရနိုင်လျှင် ကျောင်းအနေဖြင့် သင့်ကလေးအား လာခေါ်ရန် တစ်စုံတစ်ယောက်ကို ရှာဖွေရန်အတွက် ပေးထားသည့်အရေးပေါ် ဆက်သွယ်ရမည့်သူများကို ကြိုးစား၍ ဆက်သွယ်ပါမည်။

စိတ်တည်ငြိမ်အောင်ထားပြီး ဖြစ်ပျက်ခဲ့သည့်အကြောင်းကို သင့်ကလေးနှင့်ပြောဆိုပါ။ ကျောင်းနှင့်ပြောဆိုပြီး အစီအစဉ်တစ်ရပ်ကို ရေးဆွဲရန် အတူလုပ်ကိုင်ပါ။

## ကျောင်းအုပ်ကြီးက အိမ်ပြန်ခေါ်သွားရန်အတွက် သုံးသည့်အကြောင်းရင်းများ

ကျောင်းသား အများစုသည် လုံခြုံစွာ ပြုမူကြသော်လည်း တစ်ခါတစ်ရံ - -

- ၎င်းတို့တွင် လုံခြုံစွာ ပြုမူရန်အတွက် စွမ်းရည်များ မရှိကြပါ
- ၎င်းတို့သည် ဆက်သွယ်ရေးဆိုင်ရာ ၊ စိတ်ခံစားမှုဆိုင်ရာ သို့မဟုတ် လူမှုရေးဆိုင်ရာ စွမ်းရည်များကို လေ့လာနေဆဲဖြစ်သည်
- ၎င်းတို့ စိတ်ပျက်နေခြင်း၊ စိတ်သောကရောက်နေခြင်း သို့မဟုတ် နေထိုင်မကောင်းဖြစ်နေခြင်းကြောင့် စွမ်းရည်များကို အသုံးပြု၍ မရနိုင်ပါ
- ၎င်းတို့၏ လိုအပ်ချက်များကို ၎င်းတို့ကိုယ်တိုင် သို့မဟုတ် အခြားသူများ အပေါ်ထိခိုက်နစ်နာစေနိုင်သည့် နည်းလမ်းများဖြင့် ရယူရန် ကြိုးစားကြသည်။

အပြုအမူအရေးပေါ်ကိစ္စ တစ်ရပ်၌ အောက်ပါကိစ္စဖြစ်ပွားသည့်အခါ ကျောင်းအုပ်ကြီးသည် အိမ်ပြန်ခေါ်သွားစေနိုင်သည်-

- ကျောင်းသားတစ်ဦး၏ အပြုအမူသည် မလုံခြုံ၊ ဆိုးရွားပြီး အချိန်ကြာကြာဖြစ်ပွားနေသည့်အခါ
- ကျောင်းသားအား ပံ့ပိုးပေးရန် သင့်တော်သလို ကြိုးစားအားထုတ်သော်လည်း မအောင်မြင်သည့်အခါ
- ကျောင်း၌ လုံခြုံစွာ ဆက်လက်နေရန် မဖြစ်နိုင်အောင် ကျောင်းသားသည် စိတ်ဆိုးနေသေးသည်၊ စိတ်ပျက်နေသေးသည် သို့မဟုတ် စိတ်သောကရောက်နေသေးသည်။

## ဖြစ်ပျက်ခဲ့သည့် အကြောင်းချင်းရာကို စုဆောင်းခြင်း

ကျောင်းသည် သင့်ကလေးထံမှ ဘာဖြစ်ပျက်ခဲ့သည်ကို သိရှိရန် ကြိုးစားပါမည်။ အကယ်၍ သင့်ကလေးသည် စကားပြောရန် အလွန် စိတ်ပျက်နေလျှင် ကျောင်းသည် အခြားသူများထံမှ သတင်းအချက်အလက်များကို ရယူနိုင်သည်။ ကျောင်းသည် ဘာဖြစ်ပျက်ခဲ့သည်ကို နားလည်ရန်နှင့် အနာဂတ်ကာလတွင် သင့်ကလေးအား ပံ့ပိုးပေးရန်အတွက် သတင်းအချက်အလက်ကို ဆက်လက်၍ စုဆောင်းပါလိမ့်မည်။

## အိမ်ပြန်ခေါ်သွားပြီးနောက် ပြန်လည်ဆက်သွယ်ခြင်း

နောက်တစ်နေ့တွင် သင့်ကလေးသည် အသစ်ပြန်စပါမည်။ သင့်ကလေး ကျောင်းပြန်လာ၍ ပညာဆည်းပူးရန် အထောက်အကူပြုမည့် အစီအစဉ်တစ်ရပ်အကြောင်း သင်နှင့် ပြောဆိုပါမည်။

## အိမ်ပြန်ခေါ်သည့် အကြိမ်ရေ

အကယ်၍ သင့်ကလေးတွင် အပြုအမူ အရေးပေါ်ကိစ္စ မကြာခဏ ဖြစ်ပွားနေလျှင် ကျောင်းသည် ပြန်လည်ဆက်သွယ်ရန် စည်းဝေးပွဲကို အောက်ပါတို့လုပ်ဆောင်ရန် စီစဉ်ပါလိမ့်မည် -

- သင့်ကလေး၏ လိုအပ်ချက်များကို ကြည့်ရှုရန်
- မည်သည့်ပံ့ပိုးမှုက အထောက်အကူပြုနိုင်သည်ကို ဆွေးနွေးရန်
- အပြုအမူ ပံ့ပိုးမှု အစီအစဉ်တစ်ရပ်ကို ရေးဆွဲရန် သို့မဟုတ် ပြင်ဆင်ရန်

# မိဘများနှင့် စောင့်ရှောက်သူများအတွက် အိမ်ပြန်ခေါ်ရခြင်း အကြောင်းသိကောင်းစရာ

## အပြုအမူ ပံ့ပိုးရေး အစီအစဉ်

သင့်ကလေး၏ လုံခြုံပြီး အပြုသဘောဆောင်သော အပြုအမူကို ပံ့ပိုး ပေးရန်အတွက် အပြုအမူ ပံ့ပိုးရေး အစီအစဉ်တစ်ရပ်ကို ရေးဆွဲပေးပါ မည်။ အစီအစဉ်တွင် ပါဝင်သင့်သည်မှာ-

- လုံခြုံပြီး အပြုသဘောဆောင်သည့် အပြုအမူအတွက် သင့်ကလေး လိုအပ်သည့် ကျွမ်းကျင်မှုများ
- ဤကျွမ်းကျင်မှုများကို သင့်ကလေး လေ့လာဆည်းပူးပုံနှင့် ကူညီပေးမည့်သူများ
- သင့်ကလေး ကျွမ်းကျင်မှုများကို လေ့လာဆည်းပူးနေစဉ်နှင့် လေ့ကျင့်နေစဉ် အစစအရာရာ ဘေးကင်းပြီး ကောင်းမွန်နေနိုင်ပုံ
- သင့်ကလေး တိုးတက်လာနေကြောင်းကို လူတိုင်းက သိရှိမည့်နည်းလမ်း
- အနာဂတ်ကာလ၌ သင့်ကလေး၏ အပြုအမူနှင့်ပတ်သက်၍ စိုးရိမ်စရာ ဖြစ်လာလျှင် သင့်ကလေးအား ပံ့ပိုးပေးမည့်နည်းလမ်း
- လူတိုင်း၏ အခန်းကဏ္ဍတို့ဖြစ်ကြသည်။

အကယ်၍ သင့်ကလေးတွင် အစီအစဉ် တစ်ခု (One Plan) ရှိပြီးဖြစ်လျှင် အပြုအမူ ပံ့ပိုးရေး အစီအစဉ်ကို အဆိုပါ အစီအစဉ်တွင် ထည့်သွင်းပေးနိုင်သည်။

## အကယ်၍ သင်သည် သင့်ကလေးအား အိမ်ပြန်ခေါ်ရမည့် ကျောင်းအုပ်ကြီး၏ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက

အကယ်၍ သင့်ကလေးအား အိမ်ပြန်ခေါ်ရခြင်းမှာ မလိုအပ်ပါဟု သင်ထင်မြင်ပါက သင့်ကလေးကျောင်းနှင့် ညှိနှိုင်းဆောင်ရွက်ပါ။ အကယ်၍ ကျောင်းနှင့်ညှိနှိုင်း၍ မရနိုင်ပါက ပညာရေးဌာန သုံးစွဲသူ သဘောထားမှတ်ချက် ဌာနစိတ် (Department for Education Customer Feedback Unit) သို့ သင် မကျေနပ်ချက် တိုင်တန်းနိုင်ပါသည်။

- ဖုန်း ၁၈၀၀ ၆၇၇ ၄၃၅ (အခမဲ့)။
- ဝက်ဘ်ဆိုက် https://www.education.sa.gov.au/ သို့ဝင်ရောက်ပြီး School complaints သို့မဟုတ် Support making a complaint ကိုရှာပါ။

အိမ်ပြန်ခေါ်ရခြင်း လုပ်ငန်းဖြစ်စဉ်အကြောင်း အောက်ပါအားဖြင့် သင် ပိုမိုသိရှိနိုင်သည်-

- ကျောင်းအုပ်ကြီး သို့မဟုတ် အခြား ကျောင်းခေါင်းဆောင်တစ်ဦးနှင့် ရက်ချိန်းယူခြင်း
- သင့်ဒေသခံ ပညာရေးရုံးကို ဆက်သွယ်ခြင်း
- ပညာရေး ဌာန ဖုန်း ၈၂၂၆ ၁၀၀၀ သို့ဖုန်းခေါ်ဆိုခြင်း
- ပညာရေးဌာန ဝက်ဘ်ဆိုက် https://www.education.sa.gov.au/ တွင် ဝင်ရောက်၍ 'Take-home' ကိုရှာပါ။